EMReF Enlightened Myanmar Research Foundation
ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၂)၊ အမှတ်-၅၇
ဇွန် ၁၉ ရက်၊ ၂၀၁၈

## စစ်ကိုင်းတိုင်းလွှတ်တော်၌ မေးခွန်းတစ်ကြိမ်မှ မမေးရသေးသော ကိုယ်စားလှယ်တစ်ဦးရှိ

**ဇွန် ၁၄၊ ၂၀၁၈**

ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်သက်တမ်း(၂)နှစ်ခွဲကျော်ကာလ အတွင်း ၁၄ ကြိမ်မြောက် အစည်းအဝေး ပြီးဆုံးချိန်ထိ လုံးဝမေးခွန်းမမေးမြန်းသော လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ရှိနေကြောင်းစစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ရုံးမှ သိရသည်။

"လွှတ်တော်အစည်းအဝေး ကျင်းပနေတာဟာ ဒေသဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပြည်သူလူထုကိုအကျိုးရှိစေမယ့် မေးခွန်းတွေ/အဆိုတွေ/ဥပဒေတွေ မေးမြန်းဆွေးနွေးကြဖို့ဖြစ်ပါတယ်။ ကိုယ်စားလှယ်တွေအနေနဲ့လည်း မိမိတို့ လုပ်ဆောင်ရမယ့်တာဝန်တွေကို ပိုမိုကြိုးစားဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသန်းက ပြောသည်။

ထို့ပြင် လွှတ်တော်ရေးရာကော်မတီများ အနေဖြင့်လည်း အစည်းအဝေးပြီးဆုံးပါက မိမိတို့ကော်မတီအလိုက် ဆောင်ရွက်ရမယ့် ကိစ္စရပ်များကို ကြွေးကျန်မထားပဲ ဆောင်ရွက်ကြစေလိုကြောင်း၊ ကော်မတီဥက္ကဋ္ဌများ အနေဖြင့်လည်း အဖွဲ့ဝင်များနှင့်ညှိနှိုင်းကာ အစည်းအဝေးကျင်းပခြင်း၊ ကွင်းဆင်းဆောင်ရွက်ခြင်းများကို လွှတ်တော်ကို တင်ပြကာ ဆောင်ရွက်ကြစေလိုကြောင်း ၎င်းကပြောသည်။

ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးပြီးဆုံးချိန်တွင် မေးခွန်းပေါင်း ၁၀၀၀ ကျော် မေးမြန်းခဲ့ကြပြီး ကြယ်ပွင့်ပြမေးခွန်း



ဓာတ်ပုံ-မဇ္ဈိမ

၇၉၈ ခု၊ ကြယ်ပွင့်မပြမေးခွန်း ၃၂၇ ခုနှင့် အဆို ၂၁ ခုအနက် ၁၇ ခုကို အတည်ပြုခဲ့ကြသည်။

လွှတ်တော်၌ မေးခွန်း ၂၀ နှင့်အထက် အများဆုံးမေးမြန်းထားသူ ၉ ဦး၊ မေးခွန်း ၅ ခု အောက် အနည်းဆုံးမေးမြန်းထားသူ ၁၈ ဦး နှင့် မေးခွန်းလုံးဝမေးမြန်းခြင်းမရှိသူ ၁ ဦးတို့ ရှိပြီး ကိုယ်စားလှယ်တစ်ဦးချင်းစီအလိုက် မေးခွန်းမေးမြန်းမှု၊ ဆွေးနွေးမှုများကို မှတ်တမ်းတင်ထားရှိကြောင်း လွှတ်တော်ရုံးမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအပြင် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေး ၁၁ ကြိမ်မြောက် ပြီးစီးချိန်အထိလည်း ပန်းတနော်မြို့နယ် အမှတ်(၁) တိုင်းဒေသကြီး ကိုယ်စားလှယ် မေးခွန်းမေးမြန်းမှု မရှိသေးကြောင်း ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်က ဇွန်လ ၄ ရက်က ပြောထားသည်။

**(ကိုးကား-မဇ္ဈိမ)**

## တနင်္သာရီ အသေးစား ငွေချေးလုပ်ငန်းဥပဒေ မူကြမ်း ရှင်းလင်းပွဲများ ပြုလုပ်မည်

**ဇွန် ၇၊ ၂၀၁၈**

တနင်္သာရီတိုင်းဒေသကြီး အသေးစားငွေချေးလုပ်ငန်းဆိုင်ရာ ဥပဒေမူကြမ်းကို အများပြည်သူ လေ့လာအကြံပြုနိုင်ရန် ဇွန်လအတွင်း ရှင်းလင်းပွဲများလုပ်ရန် ရည်မှန်းထားကြောင်း တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေးက ပြောသည်။

လက်ရှိတွင် လွှတ်တော်ကော်မတီများက ဆွေးနွေးနေဆဲဖြစ်ပြီး လာမည့်ဇွန်လတွင် ခရိုင်အလိုက် ရှင်းလင်းမည်ဟု သိရသည်။ အဆိုပါ ဥပဒေထွက်ပေါ်လာပါက လက်ရှိ တိုင်းအတွင်းဖြစ်နေသည့် ငွေစု/ငွေချေးကိစ္စရပ်များကြောင့် ဖြစ်နေသည့် ပြဿနာများကို အဓိကကာကွယ်နိုင်မည် ဖြစ်ကြောင်း ၎င်းက ဆိုသည်။

တိုင်းဒေသကြီး အသေးစားငွေချေးလုပ်ငန်းဆိုင်ရာ ဥပဒေ(မူကြမ်း)ကို ပြီးခဲ့သည့် ဧပြီလက စတင်ရေးဆွဲခဲ့ပြီး ယခုနှစ်အတွင်း အတည်ပြုနိုင်မည်ဖြစ်ကြောင်း တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေးက ပြောသည်။

ဒုတိယအကြိမ် တနင်္သာရီတိုင်းလွှတ်တော် သက်တမ်း ၂ နှစ်ကျော်အတွင်းယစ်မျိုး ခွန်ဥပဒေ၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ၊ တိုင်းဒေသကြီး ပြတိုက်နှင့်စာကြည့်တိုက်များဥပဒေစသဖြင့် ဥပဒေပေါင်း ၁၂ ခု ကို အတည်ပြု ပြဋ္ဌာန်းခဲ့ပြီးဖြစ်ကြောင်း တိုင်းဒေသ ကြီးလွှတ်တော်ထံမှ သိရသည်။

**(ကိုးကား- www.daweiwatch.com)**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခံရသော တိုင်းကိုယ်စားလှယ် ၂ ဦးကိစ္စ ပါတီအတွင်းရေးဟုဆို

**ဇွန် ၁၆ ၊ ၂၀၁၈**

အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်သို့တိုင်ကြားခံရသော ရေဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ၂ ဦးနှင့်ပတ်သက်ပြီး စစ်ဆေးနေသည့်ကိစ္စမှာ ပါတီအတွင်းရေးသာဖြစ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာမျိုးညွန့်က ပြောသည်။

"စစ်ဆေးပြီးပါပြီ။ ကျွန်တော်တို့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို အစီရင်ခံပြီးပါပြီ။ တိုင်းလွှတ်တော်ကို အကြောင်းကြားစာပို့မှာပါ။ ရလဒ်ဘယ်လိုဖြစ်တယ်ဆိုတာ ထုတ်ပြောလေ့မရှိပါဘူး။ ပါတီအတွင်းရေးဖြစ်လို့ပါ"ဟု ဒေါက်တာမျိုးညွန့်က ပြောသည်။

ရေဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ၂ ဦးနှင့်ပတ်သက်ပြီး တိုင်ကြားစာနှစ်စောင်ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ တိုင်းလွှတ်တော်သို့ ပြန်လည်လွှဲပြောင်းပေးခဲ့ကာ တိုင်ကြားခံရမှုအား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဘက်မှ စစ်ဆေးခဲ့ခြင်း ဖြစ်သည်။

အဂတိတိုက်ဖျက်ရေးကော်မရှင်က ပြန်လည်ပေးပို့သည့် တိုင်ကြားစာနှစ်စောင်တွင် အိမ်မဲမြို့နယ်၊ အမှတ်(၂)တိုင်းဒေသကြီးကိုယ်စားလှယ် ဦးအောင်ကျော်မြင့်အား ကျေးရွာမီးလင်းရေးနှင့်ပတ်သက်ပြီး ငွေကြေးကောက်ခံမှုကိစ္စနှင့်ပတ်သက်ပြီး လွှတ်တော်သို့ ပြန်လည်ပေးပို့သည့် စာတစ်စောင်နှင့် ကျန်တစ်စောင်မှာ မည်သည့်လွှတ်တော်ကိုယ်စားလှယ်ဟု မထုတ်ပြန်သေးဘဲ လွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေကိစ္စနှင့် ပတ်သက်ကြောင်း သိရှိရသည်။

ရေဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်က တိုင်းဒေသကြီးကိုယ်စားလှယ်များနှင့်ပတ်သက်ပြီး "အဂတိလိုက်စားမှုမမြောက်ပါဘူး။ မပါဝင်သင့်တဲ့ကိစ္စ ပါဝင်တဲ့ကိစ္စပါ။ လွှတ်တော်ကိုလွှဲတယ်။ ကျွန်တော်တို့ဘက်ကျတော့ ပါတီမှာလွှတ်တော်ကိုယ်စားလှယ် ကိုင်တွယ်တာစစ်ပြီးပြီး။ ကျွန်တော်တို့လွှတ်တော်က လိုအပ်တဲ့ အချက်အလက်တွေ စုထားတယ်။ ကျွန်တော်တို့က သတိပေးလို့ပဲရတယ်။ အရေးယူလို့မရဘူး၊ ပါတီလွှတ်တော်ကိုယ်စားလှယ်များနှင့်ပတ်သက်ပြီး ကိုင်တွယ်ခွင့်က ပါတီမှာရှိနေတာ"ဟု ပြောသည်။

**(ကိုးကား- မဇ္ဈိမ)**

# ထီးချိုင့်ကျောက်မီးသွေးစီမံကိန်းအား ပြန်စိစစ်သင့်ကြောင်း သယံဇာတကော်မတီ အကြံပြု

**ဇွန် ၁၆၊ ၂၀၁၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်ရှိ ကျောက်မီးသွေးစီမံကိန်းအား ပြန်လည်စိစစ်သင့်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ အဖွဲ့ဝင်များက ပြောသည်။

ထို့ပြင် သစ်တောစာချုပ်ပါစည်းကမ်းချက်များကိုလိုက်နာရန်နှင့် စီမံကိန်းအတွက်အသုံးပြုသော သစ်သုံးစွဲမှုများကိုလည်း သစ်တောဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရန်လိုအပ်ကြောင်း အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးစောမောင်က ပြောသည်။

အဆိုပါ သစ်တောကြိုးဝိုင်းအတွင်းရှိ ကျောက်မီးသွေးစီမံကိန်းသည် အိ(စ်ထ်)ရိန်းဂျားမိုင်းနင်းကုမ္ပဏီမှ ဓာတ်သတ္တုအသေးစားထုတ်လုပ်နေသော စီမံကိန်းတစ်ခုဖြစ်ပြီး ခွင့်ပြုနယ်နိမိတ်အကျယ် ၁၀၀ ဧကဖြင့် ဟင်းလင်းဖွင့်တူးဖော်ခြင်း၊ မြေအောက်တူးဖော်ခြင်းနည်းစနစ်တို့ ရရှိထားကြောင်း သိရသည်။



ထီးချိုင့်မြို့နယ်၊ ဟသ်ာကြိုးဝိုင်းအတွင်းရှိ ကျောက်မီးသွေးစီမံကိန်း။ (ဓာတ်ပုံ- စစ်ကိုင်းတိုင်း MATA)

စီမံကိန်း အကောင်အထည်ဖော်ရာတွင် ယခင်ကလည်း လှိုဏ်ခေါင်းပြိုကျခဲ့ပြီး ယခုတူးဖော်ထားမှုသည်လည်း ခိုင်ခန့်မှုအားနည်းကြောင်း ကော်မတီအဖွဲ့ဝင်တစ်ဦးက ပြောသည်။

ထီးချိုင့်မြို့နယ်၊ မြတောင်ဒေသ၊ ဟသ်ာကြိုးဝိုင်းအတွင်းရှိ ကျောက်မီးသွေးသတ္တုစီမံကိန်းအား စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီနှင့် စစ်ကိုင်းတိုင်းဒေသကြီး MATA အဖွဲ့တို့ ဖေဖော်ဝါရီလအတွင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

**(ကိုးကား-မဇ္ဈိမ)**

# ကော့မှူးမြို့တွင် ဘက်စုံသုံးဆိပ်ကမ်းတည်ဆောက်ရန် ရန်ကုန်လွှတ်တော်မှတ်တမ်းတင်

**ဇွန် ၁၃၊ ၂၀၁၈**

ရန်ကုန်တိုင်းအစိုးရအဖွဲ့က ယခုလ ၅ ရက်က ဘက်စုံသုံးဆိပ်ကမ်းစီမံကိန်းသစ်တစ်ခု စတင်ဆောင်ရွက်ရန် တိုင်းလွှတ်တော်သို့ လုပ်ငန်းအစီရင်ခံစာတစ်ခု တင်သွင်းခဲ့သည်။

ထိုစီမံကိန်းကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ မဲဆန္ဒနယ်မြေဖြစ်သော ရန်ကုန်တိုင်း၊ ကော့မှူးမြို့နယ်၊ သရက်တောကျေးရွာနှင့် ကွမ်းခြံကုန်းမြို့နယ် တော့ကလူးကျေးရွာကြားတွင် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း အစီရင်ခံစာအရ သိရသည်။

လက်ရှိအသုံးပြုနေဆဲ ရန်ကုန်ဆိပ်ကမ်းနှင့် သီလဝါဆိပ်ကမ်းတို့သည် စွမ်းဆောင်နိုင်စွမ်းအကန့်အသတ်ရှိသည့်အတွက် ဆိပ်ကမ်းသစ်တစ်ခု ထပ်မံဆောက်လုပ်ရခြင်းဖြစ်သည်ဟု အစိုးရအဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ထိုအစီရင်ခံစာကို ရန်ကုန်တိုင်းအစိုးရ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်က ဖတ်ကြားတင်သွင်းခဲ့ရာ ဇွန်လ ၁၃ ရက်နေ့က တိုင်းဒေသကြီးလွှတ်တော်တွင် မှတ်တမ်းတင်ခဲ့သည်။

ရွှေပြည်သာမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးရန်အောင်မင်း(ခ) ဦးဂေးမောင်က အစီရင်ခံစာများကို လွှတ်တော်တွင် မှတ်တမ်းတင်ရန်ချည်း လုပ်နေသည်မှာ မဖြစ်သင့်ကြောင်းနှင့် ဘက်စုံသုံးဆိပ်ကမ်းနှင့်ပတ်သက်၍ အခြားသောအကြံပြုချက်များကို ပြောဆိုခဲ့သည်။

ထို့အတွက် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းက ဥပဒေအရ မှတ်တမ်းတင်ရပြီး အစီရင်ခံစာပြန်လည်တင်ပြလာ၍ ဆုံးဖြတ်ချက်ချချိန်တွင် ပယ်ဖျက်ခွင့်ရှိကြောင်း ပြောဆိုခဲ့သည်။

အဆိုပါ အစီရင်ခံစာပါအချက်များနှင့်ပတ်သတ်၍ လွှတ်တော်ကိုယ်စားလှယ် ၁၁ ဦးက ဇွန်လ ၈ ရက်နေ့နှင့် ၁၁ ရက်နေ့ (တိုင်းလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၄၂ ရက်မြောက်နေ့နှင့် ၄၃ရက်မြောက်နေ့)တွင် ဆွေးနွေးခဲ့ကြသည်။ **(ကိုးကား- မြန်မာတိုင်း(မ်)၊ မဇ္ဈိမ)**




**ဒေသခံလူထု၊ ရှမ်းပြည်နယ် သီပေါမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အာဏာပိုင်များနှင့် ပြည်သူ့စကားဝိုင်းကျင်းပရာ သီပေါ-ကျောက်မဲကြား တိုးဂိတ်တစ်ခု ရုပ်သိမ်းပေးရန် သီပေါလူထုက တောင်းဆိုခဲ့ကြသည်။ (ကိုးကား- https://shannews.org)**

# စစ်ကိုင်းတိုင်းအစိုးရလိုဂို ပြင်ဆင်ရေး မဲခွဲရာတွင် ပယ်မဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်အား ဖော်ထုတ်မည်ဟုဆို

**ဇွန် ၁၄၊ ၂၀၁၈**

စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်၌ တိုင်းအစိုးရလိုဂိုပြောင်းလဲရေး မဲခွဲရာတွင် ပယ်မဲပေးသည့်ကိုယ်စားလှယ်အား စုံစမ်းဖော်ထုတ်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသန်းက ပြောသည်။

ယနေ့ ဇွန် ၁၃ ရက်က ကျင်းပသော ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ၁၄ ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ ပြီးဆုံးချိန်၌ မီဒီယာများနှင့်တွေ့ဆုံချိန်တွင် ယင်းသို့ပြောကြားခဲ့ခြင်း ဖြစ်သည်။

"ပယ်မဲပေးတဲ့ လွှတ်တော်ကိုယ်စားလှယ်ကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ စုံစမ်းဖော်ထုတ်သွားမှာပါ။ လွှတ်တော်ကို သိက္ခာကျအောင် သက်သက်မဲ့ ပယ်မဲပေးနေတယ်လို့ မြင်ပါတယ်။ မဲမပေးတတ်တာ မဟုတ်ပါဘူး"ဟု စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသန်းက ပြောသည်။

ပယ်မဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်အား စုံစမ်းဖော်ထုတ်၍ရပါက မည်သို့လုပ်ဆောင်သွားမည်ကို ပြောကြားခဲ့ခြင်း မရှိပေ။

စစ်ကိုင်းတိုင်းဒေသကြီး အမှတ်တံဆိပ်ခြင်္သေ့ပုံလိုဂိုမှာ ပြည်ခိုင်ဖြိုးပါတီတံဆိပ်နှင့် ဆင်တူနေသည့်အတွက် ပြောင်းလဲသတ်မှတ်ပေးရန် မုံရွာမြို့နယ်၊ လွှတ်တော်ကိုယ်စားလှယ် ဒေါ်အမာကြည်က ဇွန်လ ၁၁ ရက်က အဆိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးက ထောက်ခံဆွေးနွေးခဲ့ပြီး ပြည်ခိုင်ဖြိုးပါတီမှ ကန့်ကွက်ဆွေးနွေးသူ ၂ ဦး၊ အကြံပြုဆွေးနွေးသူ တပ်မတော်သား ကိုယ်စားလှယ် ၁ ဦးတို့ရှိခဲ့၍ လျှို့ဝှက် ဆန္ဒမဲပေးဆုံးဖြတ်ရာ ထောက်ခံမဲ ၅၇ မဲ၊ ကန့်ကွက်မဲ ၄ မဲ၊ ကြားနေမဲ ၂၃ မဲ၊ နှင့် ပယ်မဲ ၁ မဲဖြင့် အဆိုအောင်မြင်ခဲ့သည်။

**(ကိုးကား-မဇ္ဈိမ)**